Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

## CRPH က ထုတ်ပြန်ရန်ရှိသော ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အပေါ်သုံးသပ်ချက် စာတမ်း

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (အစိတ်အပိုင်း (၁) ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ကြေငြာစာတမ်းနှင့် အစိတ်အပိုင်း (၂) ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများ)[1] အား CRPH က ပြုစုကာ ဖြန့်ဝေလျက် ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်းများကို ဖိတ်ခေါ် ကမ်းလှမ်းကာ အတည်ပြု လက်မှတ်ရေးထိုးစေလျက်ရှိကြောင်း သိရှိရပါသည်။ ယင်းမှာ စစ်အာဏာရှင် စနစ်အား ထိရောက်စွာ တိုက်နိုင်ခြေရှိ မရှိ၊ ဥပဒေစိုးမိုးရေး နှင့် နိုင်ငံရေးရှုထောင့်များမှ အောက်ပါ အတိုင်းသုံးသပ်တင်ပြပါသည်။

၁။ ယင်း၏ ခေါင်းစဉ်တွင် မြန်မာဘာသာဖြင့် **ပဋိညာဉ်** ဟု သုံးနှုန်း ထားသည်။ သို့ဖြစ်၍ ၎င်းသည် မြန်မာနိုင်ငံ၏ တည်ဆဲ ပဋိညာဉ်ဥပဒေနှင့် ကိုက်ညီရန် လိုပါမည်။ ပဋိညာဉ်ဥပဒေအရ ကမ်းလှမ်းသူ နှင့် လက်ခံသူတို့ ရှိရမည်ဖြစ်ပြီး အဖိုးစားနား နှင့်ပေါင်းစပ်မှသာ သဘောတူညီချက်တရပ် ပေါ်လာနိုင်ပါသည်။ အဆိုပါ သဘောတူညီချက်အား အတင်းအကြပ် အတည်ပြုနိုင်ပါက ပဋိညာဉ် မြောက်သည်။ သို့ရာတွင် ယခုဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် ဟု အမည်တပ်ထားသော စာတမ်းတခုလုံးအား လေ့လာကြည့်သောအခါ ပဋိညာဉ်ဥပဒေတွင် ပြဌာန်းပါရှိသော အင်္ဂါရပ်များနှင့် မပြည့်စုံသောကြောင့် ပဋိညာဉ် ဟု မခေါ်နိုင်ပါ။ ပြည်တွင်း ပဋိညာဉ်ဥပဒေအရ တရားမဝင်ပါ။ ချိုးဖောက်ပါက နစ်နာသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအနေဖြင့် ပြည်တွင်းရှိ မည်သည့် တရားရုံးတွင်မျှ တရားစွဲဆိုခြင်းမပြုနိုင်။

၂။ ယင်း၏ ခေါင်းစဉ်တွင် တပ်ထားသော အခြားဝေါဟာရ တခုမှာ ကြေငြာစာတမ်းဖြစ်သည်။ အင်္ဂလိပ် ဘာသာဖြင့် Charter/ Declaration ဟု သုံးနှုန်းထားသည်။ အတင်းအကြပ်အတည်ပြုနိုင်မှု ကင်းမဲ့သည့် ကြေငြာစာတမ်း၏ သဘာဝမှာ စံထားချက်မျှသာဖြစ်သည်။ တန်ဘိုး သဘောတရားများကို ဖော်ပြထားလေ့ရှိသည်။ ကြိုက်နှစ်သက်သူများက လိုက်နာလျှင်ကောင်းသည်။ မလိုက်နာ သော်လည်း မည်သို့မျှ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်။ UN Charter ကို မလိုက်နာပါက မည်ကဲ့သို့ အတင်းအကြပ် အတည်ပြုနိုင်သည့် ပြဌာန်းချက်များအား အတိအလင်းဖော်ပြထားသဖြင့် နိုင်ငံတကာ ဥပဒေအရ စည်းနှောင်မှု ရှိသည်။ Atlantic Charter တွင်မူ ယင်းကဲ့သို့ ပြဌာန်းချက်များမပါသဖြင့် နိုင်ငံတကာ ဥပဒေအရ စည်းနှောင်မှု မရှိ။ ယခုဖက်ဒရယ်ဒီမိုကရေစီ စာတမ်းအား Charter ဟု သုံးထားသော်လည်း မလိုက်နာပျက်ကွက်ပါက အတင်းအကြပ်အတည်ပြုနိုင်သည့် မည်သည့် ယန္တရားမျှမပါရှိ။ နိုင်ငံတခုနှင့်

[1] https://drive.google.com/file/d/1kP0LmXCKQmRX4rCFOLxOuFQMnsBeYIQC/view?usp=sharing

အခြားတခု (သို့မဟုတ်) အများအကြားတွင် ချုပ်ဆိုထားသော စာချုပ်မဟုတ်သဖြင့် နိုင်ငံတကာ ဥပဒေအရလည်း တရားမဝင်။

၃။ CRPH ၏ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် ကြေငြာစာတမ်းသည် မည်သည့် အခိုင်အမာစာချုပ်၊ သို့မဟုတ် ဖက်ဒရယ်ဖွဲ့စည်းပုံကို အတိအကျ အခြေခံထားကြောင်းမပါရှိ။ နိုင်ငံတကာ ဥပဒေအရရော ပြည်တွင်းဥပဒေအရပါ တရားဝင်ပြီး မြန်မာနိုင်ငံတွင် အခိုင်မာဆုံးဖြစ်သော ပင်လုံစာချုပ်ကို ရည်ညွှန်း၊ ကိုင်စွဲခြင်းမရှိ။ ၁၉၄၇ ခုနှစ်မှစပြီး ၂၀၀၈ ခုနှစ်အထိ ၁၈ နှစ်တိုင် အချိန်ယူရေးဆွဲခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ကိုလည်း ယာယီမျှပင် အတည်ပြုမထား။ ကြားကာလ ဖွဲ့စည်းပုံဖြစ်ကြောင်းလည်း ရှင်းရှင်းလင်းလင်း မဖော်ထုတ်၊ ကြားကာလ ဖွဲ့စည်းပုံဆိုင်ရာ အစီအမံများ ဟူ၍ နားလှည့် ပါးရိုက်ထားသည်။ ဤသည်မှာ ဥပဒေစိုးမိုးရေးအတွက် မည်သို့မျှ အထောက်အပံ့မဖြစ်ရုံသာမက နိုင်ငံရေးအရလည်း မရိုးသားရာရောက်သည်။

၄။ ယင်းစာတမ်း တခုလုံးတွင် ရွေးကောက်ပွဲ အခြေခံအရ တရားဝင်မှု *dejure* ကို သာ အဓိက ကျင့်သုံးထား ကြောင်းတွေ့ရသည်။ NLD သည် ၂၀၀၈ ဖွဲ့စည်းပုံအောက်တွင် မည်သည့် ရွေးကောက်ပွဲကိုမျှ မဖြတ်သန်းဘဲ စစ်သားတမတ်သား ပါဝင်သည့် လွှတ်တော်များ၊ စစ်တပ်က စေလွှတ်သည့် စစ်သား ဝန်ကြီးများပါဝင်သည့် အစိုးရအဖွဲ့များနှင့် စစ်သားများက အများစု နေရာယူထားသည့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အား အုပ်ချုပ်ရေးကဏ္ဍတွင် အမြင့်ဆုံးအာဏာအပ်နှင်းထားမှုများ အားဖြင့် ကျင့်သုံးခဲ့သည်။ ယင်းမှာ မြန်မာစစ်တပ်က လက်တွေ့ မြေပြင်တွင်လွှမ်းမိုးနိုင်မှု *defacto* ကို NLD က တရားဝင်အနေဖြင့် လက်ခံခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ယခုထုတ်လိုက်သော ၎င်းတို့၏ ကြေငြာစာတမ်း တွင်မူ တိုင်းရင်းသားအင်အားစုများ၏ *defacto* ကို နည်းလမ်းတကျ လက်ခံထားခြင်းမရှိ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အောက်တွင် တပ်မတော်ဟု ခေါ်ခဲ့သည့် ဖက်ဆစ်တပ်မှ စစ်သားများအား လွှတ်တော်များအသီးသီးအတွင်း ၂၅%၊ ကျန်အုပ်ချုပ်ရေး နေရာများတွင် ၁၀% မက ခွင့်ပြုခဲ့သည်။ တရားဝင်ဖြစ်စေခဲ့သည်။ ယင်းနှင့် ဆန့်ကျင်လျက် ယခုအချိန်တွင် တိုင်းရင်းသားအင်အားစုများအတွက် ၃၅% ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ တရားဝင်အသိအမှတ် ပြုရန် တင်ပြချက်အား မသိယောင် ပြုထားသည်။ ဥပက္ခာပြုထားသည်။ NLD/CRPH ၏ ဤသဘောထားရပ်တည်ချက်ဖြင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွက်လာရန်မှာ ဝေးလွန်း လှသည်။

၅။ ယင်းစာတမ်းသည် ရှေ့နောက်လည်း ညီညွတ်မှုမရှိ။ အစိတ်အပိုင်း (၁) အခန်း (၄) အပိုင်း(၂) အပိုဒ် (၁) တွင် ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူတို့သည် အချုပ်အခြာအာဏာ ၏ မူရင်းပိုင်ရှင်များဖြစ်ကြောင်း ဖော်ပြထားသည်။ သို့ရာတွင် အစိတ်အပိုင်း (၂) အခန်း(၂) ပြည်နယ်ဥပဒေပြုရေးတွင် မည်သည့်ကိစ္စရပ်များအား ပြည်ထောင်စုအဆင့်သို့ ဥပဒေပြုခွင့် အာဏာ အပ်နှင်းကြောင်း၊ မည်သည့်ကိစ္စရပ်များအား ပြည်ထောင်စုနှင့် ပြည်နယ်များပူးတွဲ ဥပဒေပြုအာဏာကျင့်သုံးခွင့်ရှိကြောင်း၊ ယင်းတို့မှလွဲ၍ ကျန်ရှိနေသေးသော ဥပဒေပြုအာဏာများအား ပြည်နယ်များတွင် ကျင့်သုံးခွင့်ရှိကြောင်း စသဖြင့် တိတိကျကျဖော်ပြထားမှုမရှိ။ ဤစာတမ်းကို အကောင်အထည်ဖော်ပါက မကောင်းကျိုးမှာ အင်အားစုများအကြား အငြင်းပွားမဆုံးဖြစ်နေမည်။ ကြားကာလအတွင်းမှာ တည်ငြိမ်သည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး အတွက် အုတ်မြစ်ချနိုင်မည် မဟုတ်။ NLD/CRPH က နှစ်သက်သလို ဥပဒေပြုသွားတော့မည် ဖြစ်ကြောင်းသာ တွေ့ရသည်။

၆။ အစိတ်အပိုင်း (၂) အခန်း(၃) ကြားကာလ အုပ်ချုပ်ရေးဟူသည်မှာလည်း မည်သည့်တိကျမှုမျှမရှိ။ အပိုဒ် (၁) တွင် ဤ ပဋိညာဉ်ပါ သဘောတူညီချက်များကို လက်မှတ်ရေးထိုးသော အင်အားစုများ ဟူ၍သုံးနှုန်းထားသည်။ သို့ သော်ယင်းမှာ မည်သည့်အရာကို ဆိုလိုမှန်းမသိ။ ဖက်ဒရယ်စနစ်၊ တိုင်းရင်းသားပြည်နယ်များ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု (Provincial Sovereignty) နှင့် တိုင်းရင်းသားအင်အားစုများ၏ အခန်းကဏ္ဍတို့ ပျောက်ဆုံးနေသည်။ အထက်ပါ **အင်အားစုများ** ဟူသည်မှာ NLD/CRPH နှင့် အလွမ်းသင့်သော (သို့မဟုတ်) CRPH ကို ဝပ်ကျိုးနာခံသော (သို့မဟုတ်) ဖက်ဒရယ်စနစ်၊ တိုင်းရင်းသား ပြည်နယ်များ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု နှင့် တိုင်းရင်းသားအင်အားစုများ၏ အခန်းကဏ္ဍတို့ကို နားလည်တန်ဘိုးထားခြင်းမရှိသော မည်သည့်အင်အားစုမဆို ဖြစ်နိုင်သည်။ ယင်းသို့ဘာမှန်းမသိသော အင်အားစုများနှင့် ညှိနိုင်းတိုင်ပင်၍ သမ္မတ နှင့် ဒုတိယသမ္မတ တို့ အားခန့် အပ်သွားမည်ဟု ဆိုသည်။ ရွေးချယ်တင်မြှောက်ခြင်းမဟုတ်။ သို့ဖြစ်၍ သမ္မတ နှင့် ဒုတိယ သမ္မတ တို့ သည် CRPH ကို နာခံရတော့မည် ဖြစ်သည်။ CRPH ၏ စာတမ်းတခုလုံး တွင် CRPH သည်သာ အခရာဖြစ်သည်။ ဗဟိုဖြစ်သည်။ အာဏာအားလုံးကို ချုပ်ကိုင်ထားသည်။ အာဏာခွဲခြားမှု သဘောတရားကို မကျင့်သုံးတော့သဖြင့် CRPH သည် အာဏာရှင် အဖွဲ့ အစည်းကလေး တခုအဖြစ်သို့ ဦးတည်နေသည်။

၇။ ပဋိညာဉ်၏ အစိတ်အပိုင်း (၂)၊ အခန်း(၃) ကြားကာလအုပ်ချုပ်ရေး၊ အပိုဒ် (၆) အရ အစိုးရဖွဲ့စည်းရာတွင်မူ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှ တာဝန်ခံသော ပုဂ္ဂိုလ်များ ဟု ဖော်ပြထားသဖြင့် *defacto* ကို တစုံတရာ ထင်ဟပ်ထားသယောင် မှတ်ယူနိုင်သည်။ သို့ရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းရှင်းလင်းလင်း ထည့်သွင်းထားခြင်း မရှိ။ သို ့ဖြစ်၍ လက်နက်ကိုင်အင်အား ရေရေရာရာမရှိ၊ နယ်မြေလည်းမရှိ၊ အုပ်ချုပ်ရေးလည်း ချထားနိုင်ခြင်းမရှိ၊ တကယ်တန်းလည်း မြန်မာစစ်တပ် (တပ်မတော်) အား ထိထိရောက်ရောက်တိုက်ခဲ့သည့်သမိုင်းကြောင်းလည်းမရှိ၊တိုက်နိုင်စွမ်းလည်းမရှိပါဘဲလျက်၊ လက်နက်ကိုင် အဖွဲ့ကလေးတဖွဲ့ရှိရုံမျှ၊ CRPH နှင့် အဆင်ပြေရုံမျှနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အမည်ခံယူကာ ပြည်ထောင်စုအစိုးရအဖွဲ့တွင် ပါသွားနိုင်သည်။ ဖောင်းပွပြီး အလုပ်မဖြစ်သော အစိုးရပေါ်လာနိုင်သည်။ *defacto* အမည်ပျက်ရုံသာ အဖတ်တင်နိုင်သည်။

လက်နက်ကိုင်တပ်တောင့်တောင့်တင်းတင်းရှိ၊ နယ်မြေရှိ၊ အုပ်ချုပ်ရေးရှိ၊ မြေပြင်ပေါ်တွင် ထိန်းချုပ်နိုင်သည့် *defacto* အခြေခံရှိသော အဖွဲ့အစည်းကြီးများအတွက်လည်း နစ်နာနိုင်သည်။ ၎င်းတို့အနေဖြင့် မည်သည့်ရာခိုင်နှုန်းအချိုးအစား ဟူ၍လည်းကောင်း၊ အစိုးရအဖွဲ့ဝင် စုစုပေါင်းမည်မျှအနက် အရေအတွက်မည်မျှကို စေလွှတ်နိုင်ခွင့်ရှိသည်ကိုလည်းကောင်း အတိအကျဖော်ပြထားခြင်းမရှိ။ ထို့အပြင် အရေးမပါသော အရေအတွက်၊ အရေးမကြီးသောဝန်ကြီးဌာနများကို တာဝန်ပေးခြင်းဖြင့် *defacto* ကို တလွဲအသုံးချသွားနိုင်သည်။

၈။ ပဋိညာဉ် အစိတ်အပိုင်း (၂) ၊ အခန်း (၆) ကြားကာလ တရားစီရင်ရေး အပိုဒ် ၁။ တွင် "ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရနှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတို့ ပူးပေါင်း၍ ကြားကာလတရားစီရင်ရေးဆိုင်ရာ မူဝါဒနှင့် စီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်။" ဟူ၍သာ ဖော်ပြထားသည့်အတွက် လွတ်လပ် ဘက်မလိုက် ထက်မြက်ပြီး လိုအပ်သည့် ရင်းမြစ်များ ထောက်ပံ့ပေးထားခြင်းခံရသည့် တရားစီရင်ရေးအခြေခံများမပါရှိပါ။

၉။ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးကြီးသော အခြေခံတရပ်မှာ ဘဏ္ဍာငွေကြေးခွဲဝေသုံးစွဲခြင်းနှင့် ဆိုင်သည်။ ပြည်ထောင်စု နိုင်ငံတပ်မ်းလုံးတွင် အဆင့်သုံးဆင့် (ပြည်ထောင်စုအဆင့်၊ ပြည်နယ်များအဆင့် နှင့် ပြည်နယ်ခွဲများ၊ ပူးတွဲအုပ်ချုပ်ခွင့်ရဇုံများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အဆင့်) တို့၌ တိုက်ရိုက်ခွဲဝေ သုံးစွဲခွင့်ရှိရမည် ဖြစ်သည်။ ယင်းအတွက် ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်အတွင်း ညှိနှိုင်း ခွဲဝေသွားကြရန်ဖြစ်သည်။ ပြည်ထောင်စု အခွန်ဘဏ္ဍာကောက်ခံသော ယန္တရားနှင့် ပြည်နယ်အခွန်ဘဏ္ဍာကောက်ခံသော ယန္တရားတို့ သီးခြားစီ ရှိရမည် ဟု ဖော်ပြထားသော်လည်း ယင်းကိစ္စကို ကြားကာလ ဥပဒေပြုရေးအောက်တွင် ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိ။ CRPH ၏ စာတမ်းအရမူ ယနေ့မှစကာ ပြည်ထောင်စုနိုင်ငံတပ်မ်းလုံးအတွက် ဝင်လာသော ဘဏ္ဍာငွေကြေးမှန်သမျှကိုCRPH တခုတည်းက လက်ဝါးကြီးအုပ် ကိုင်တွယ် စီမံသွားတော့ မည်ဖြစ်ကြောင်းတွေ့ရသည်။

၁၀။ ဖက်ဒရယ် ပြည်ထောင်စု တပ်မတော်ပေါ်ပေါက်လာစေရန်မှာ တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့ အစည်းများက လိုလားကြရုံသာမက အများပြည်သူက မျှော်လင့်တောင့်တနေသောအရာဖြစ်သည်။ သို့ရာတွင် CRPH ၏ စာတမ်းတွင် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော် ဟူသော ဝေါဟာရ ပင်မပါရှိ။ ယင်းကို မည်သို့ ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းလည်းမတွေ့ရ။ CRPH က ကမကထပြုကာ တပ်အသစ် ဖွဲ့စည်းမှုများ၊ သို့မဟုတ် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ဟူ၍ ကိုယ့်ကိုယ်ကို အမည်ပေးထားသော တပ်ဖွဲ့များအား CRPH က အသိအမှတ်ပြုမှုများ ပေါ်ပေါက်လာနိုင်သည်။ သို့ဖြစ်ပါကဆယ်စုနှစ်နှင့် ချီပြီး စစ်အာဏာရှင်များအား ဆန့်ကျင်တိုက်ပွဲဝင်ကာ နယ်မြေတည်ဆောက်၊ အုပ်ချုပ်ရေးချမှတ်ထားသော ဒေသခံ တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းများနှင့် ထိပ်တိုက်တွေ့နိုင်သည်။ တပ်အသစ်များ ဖွဲ့စည်း သွားမည်ဆိုပါက ဒေသခံတပ်များနှင့် မည်သို့ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ရှင်းလင်းသည့် မူဝါဒကို မတွေ့ရ။ ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်အတွက် လိုအပ်သော ဘဏ္ဍာငွေ ကြေးကိုလည်း CRPH ထံမှ လက်ဝါးဖြန့်ခံတောင်းစရာမလိုဘဲ တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များပါ ပါဝင်ဖွဲ့စည်းမည့် ပြည်ထောင်စုလွှတ်တော်က မည်ကဲ့သို့ချပေးသွားဖြစ်ကြောင်း အာမခံချက်လည်း မပါရှိ။

၁၁။ ပြည်ထောင်စု နှင့် ပြည်နယ် အစိုးရအဆင့်အသီးသီးများ ဖွဲ့စည်းလည်ပတ်ရာတွင် နိုင်ငံရေးအရ တာဝန်ခံမှု၊ လုပ်ငန်းအရတာဝန်ခံမှု၊ ငွေရေး ကြေးရေးအရ တာဝန်ခံမှုအား မည်ကဲ့သို့ အပြန်အလှန် ကြပ်မတ်၊ စစ်ဆေး၊ အရေးယူအပြစ်ပေး၊ တာဝန်မှရပ်ဆိုင်း၊ ထုတ်ပယ်၊ အစားထိုး ခန့်အပ်နိုင်သည့် အခြေခံများ မပါရှိ။ CRPH များကသာ အရာရာကို ၎င်းတို့ ထင်သလိုချယ်လှယ်သွားတော့ မည်ဖြစ်ကြောင်း ဖော်ပြထားသည့် စာတမ်းသာ ဖြစ်နေသည်။ စစ်အာဏာရှင်စနစ်ကို ထိရောက်စွာ တိုက်ခိုက်နိုင်ရန် ဖက်ဒရယ်စနစ်နှင့် တိုင်းရင်းသားပြည်နယ်များ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအခြေခံတွင် စုပေါင်း ခေါင်းဆောင်မှုကို ဖော်ဆောင်နိုင်မည့် တိုင်းပြည်ယန္တရား နှင့် တိုင်းပြည်အဆောက်အအုံများ ပေါ်ထွက် လာနိုင်ခြေ မရှိ။

၁၂။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ ဟူသော အဖွဲ့အစည်းကို စာတမ်းတွင် ဖော်ပြထား သည်။ သို့ရာတွင် အမျိုးသားညီညွတ်ရေးက အခြေခံသင့်သည့် မည်သည့်တန်ဘိုးသဘောတရားကိုမျှ မတွေ့ရ။ ယင်းကောင်စီတွင် မည်သည့် လုပ်ပိုင်ခွင့်နှင့် တာဝန်များရှိကြောင်းလည်းဖော်ပြမထား။ ယင်းတွင် ပါဝင်မည့် ပုဂ္ဂိုလ်များမှာ မည်သို့ သောအရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်ကြောင်း၊ ပုဂ္ဂိုလ် အရေအတွက်

မည်မျှနှင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ သက်တမ်းမည်မျှသတ်မှတ်ကြောင်း၊ ယင်းကောင်စီသည် မည်သူ့ကို တာဝန်ခံရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအား မည်သူက ရွေးချယ် ခန့်ထားခွင့်၊ မည်ကဲ့သို့သော အခြေအနေတွင် တာဝန်မှရပ်စဲခွင့် ရှိကြောင်း၊ စသည်တို့လည်းမပါရှိ။ သို့ဖြစ်၍ CRPH တစုတည်းကသာ ယင်းကောင်စီကို စိတ်ကြိုက်ရွေးချယ်ဖွဲ့စည်းမည်ဖြစ်ကြောင်းတွေ့ရသည်။ ကောင်စီ၏ အကြံပေးချက် ဟူသည်များကိုလည်း CRPH က ကြိုက်လျင် လက်ခံ၊ မကြိုက်လျင် ပယ်ချသွားမည့် အသုံးချခံအဖွဲ့အစည်းသာ ဖြစ်နေပုံရှိသည်။ တိကျရေရာမှုမရှိ။

၁၃။ NLD/CRPH ၏ စာတမ်းတွင် နိုင်ငံတကာဥပဒေအရရော၊ ပြည်တွင်းဥပဒေအရပါ တရားဝင်သည့် သမိုင်းဝင်ပင်လုံစာချုပ်တွင် ပါရှိသော ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရာခိုင်နှုန်းအပြည့် ကျင့်သုံးခွင့်ဆိုင်ရာ အခြေခံတချို့ပါရှိသော်လည်း လက်တွေ့ဖော်ဆောင်နိုင်မည့် အုတ်မြစ်များ မပါရှိ၊ ပြည်ထောင်စုနိုင်ငံတဝှမ်းလုံးရှိ ဥပဒေပြုလွှတ်တော်များ၊ အစိုးရများ၊ ကော်မရှင်များဖွဲ့စည်းရာတွင် အမျိုးသမီးဦးရေ သုံးပုံတပုံပါဝင်ရေးအတွက် မည်သည့်အာမခံချက်ကိုမျှ မတွေ့ရ။ လူနည်းစု တိုင်းရင်းသားများအတွက် လွှတ်တော်များတွင် ပုံသေနေရာသတ်မှတ်ပေးခြင်းလည်းမပါရှိ။ ကြားကာလ၏ သက်တမ်းကိုလည်း သတ်မှတ်ထားခြင်းမရှိ။ မည်သည့်နေ့ကစပြီး မည်သည့်နေ့တွင် အဆုံးသတ်မည်ဖြစ်ကြောင်း မသိရ။ CRPHက ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် ဟု အမည်တပ်ထားသော စာတမ်းတခုလုံးသည် မရေရာမှုများနှင့် ပြည့်လျှမ်းလျက်ရှိသည်။ NLD/CRPH တစုတည်းက အရာရာကိုခြယ်လှယ်သွားတော့မည် ဖြစ်ကြောင်း တွေ့ရသည်။ အင်အားကောင်းသည့် စုဖွဲ့မှုကြီးတရပ် ပေါ်ပေါက်နိုင်ဘွယ်မရှိ။ စစ်အာဏာရှင်စနစ်အား ထိရောက်စွာတိုက်နိုင်ရန် မဖြစ်နိုင်။ ဤစာတမ်းပါအတိုင်း ဆက်လက်ဖော်ဆောင်မည် ဆိုပါမူ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲရလာဒ်သည်လည်း ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလာဒ်ကဲ့သို့ပင် ရေစုန်မျောတော့မည်မှာ သေချာလှသည်။

၁၄။ ယခုအချိန်တွင် လက်ခံရမည့်တွေးခေါ်ချက်နှစ်ရပ်ရှိသည်။ ပထမတရပ်မှာ လူထုတရပ်လုံးသည် စစ်အာဏာရှင်စနစ်နှင့် စစ်ကောင်စီအား ဆန့်ကျင်ပြီး အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲဆင်နွှဲနေခြင်း ဖြစ်ကြောင်းပင်။ ယင်းကို အဓိက အထောက်အပံ့ဖြစ်မည့် အားကောင်းသည့် ဖွဲ့စည်းတည်ဆောက်မှုကို ရှာဖွေရမည် ဖြစ်သည်။ ဒုတိယ တရပ်မှာ စစ်အာဏာရှင်စနစ်နှင့် စစ်ကောင်စီအား ဆန့်ကျင်တိုက်ပွဲဝင် နေစဉ်မှာပင် ဖက်ဒရယ်စနစ်၏ အုတ်မြစ်ကို ချမှတ်သွားရန် ဖြစ်သည်။ ယင်းနှစ်ရပ်လုံးအတွက် အရင်းခံကျသောအဖြေမှာ ၁၈ နှစ်တာကာလ အချိန်ယူရေးဆွဲ ပြုစုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(ဒုတိယမူကြမ်း) ဖြစ်သည်။ ပုံပိုးဖြည့်ဆည်းသည့်အဖြေမှာ အဆိုပါဖွဲ့စည်းပုံ၏ ကျောရိုးနှင့် အနှစ်သာရများကို မထိပါးစေဘဲ ယခုမျက်မှောက်ဖြစ်ရပ်များနှင့် ဆက်စပ်ပေးနိုင်မည့် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုကျင့်သုံး သွားရန် ဖြစ်သည်။

၁၅။ NLD ထိပ်ပိုင်းခေါင်းဆောင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အလေးမထား၊ ဖောက်ဖျက်၊ လုပ်ခြင်ရာလုပ်တတ်သည့် အလေ့အကျင့်စွဲနေပုံရှိသည်။ စင်စစ်အားဖြင့် နိုင်ငံတော်အတိုင်ပင်ခံရာထူးသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီ။ ၅၉(စ) အရ ဒေါ်အောင်ဆန်းစုကြည် သမ္မတ မဖြစ်စေရန် ပိတ်ပင်ထားသည့် ပြဌာန်းချက်အား ကျော်ပြီး အလုပ်လုပ်ခွင့်ရနိုင်ရေးအတွက် တီထွင်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းမှာ အနှစ်သာရအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကလည်း သူမသည် သမ္မတ၏ အထက်မှာ နေမည်ဟူ၍ အကြိမ်ပေါင်းများစွာ ဖွင့်ဟ ခဲ့သည်။ ယင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးရမည့် ဥပဒေစိုးမိုးရေးကို အတိအလင်းမျက်ကွယ်ပြုခဲ့ခြင်း

ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံသည် စစ်အာဏာရှင်စနစ်ကို အသက်သွင်းထားကြောင်း သိရှိပါက NLD သည် ယင်းအောက်ကို ဝင်ရန်အကြောင်းမရှိ။ ဝင်ပြီးနောက် ပြင်၍ မရနိုင်မှန်းသိပါကလည်း ယင်းအား အမြန်ဆုံးစွန့်လွှတ်ထွက်ခွာခဲ့ရန် တာဝန်ရှိသည်။ ယင်းနှစ်ခုလုံးကို မည်သို့မျှ ပြတ်ပြတ်သားသားမလုပ်ခဲ့ဘဲ ဖွဲ့စည်းပုံကို ဘယ်လိုချိုးဖောက်ပြီး အလုပ်လုပ်ခွင့်ရအောင် လုပ်မည်လဲ ဟူသည်က အဓိက ဖြစ်ခဲ့သည်။ သို့ဖြစ်၍ NLD သည် ဥပဒေစိုးမိုးရေး အခြေခံကို တည်ဆောက်သည့် အလေ့အထအား မမွေးမြူနိုင်ခဲ့။ ဤသည်မှာ တိုင်းပြည်အတွက် ကြောက်မက်ဘွယ်အခြေအနေဖြစ်သည်။

၁၆။ ယခု NLD/CRPH က တင်သွင်းလာသော စာတမ်းအရ ၂၀၀၈ ဖွဲ့စည်းပုံအောက်တွင် ရှိခဲ့သည့် အခြေအနေကို ဆက်လက်ကျင့်သုံးနေကြောင်းတွေ့ရသည်။ စာတမ်း၏ အစိတ်အပိုင်း (၁) အခန်း (၃) အပိုင်း (၃) ပုဒ်ခွဲ (၈) ပြည်ထောင်စု အုပ်ချုပ်ရေးဟူသော ခေါင်းစဉ်အောက်တွင် အောက်ပါအတိုင်း တွေ့ရှိရသည်။

> ဖက်ဒရယ်ပြည်ထောင်စု၏ အုပ်ချုပ်ရေးစနစ်သည် ဝန်ကြီးချုပ်ဦးဆောင်သော စနစ် (Parliamentary System) ဖြစ်သည်။ ဝန်ကြီးချုပ်ဦးဆောင်သော စနစ်တွင် ပြည်ထောင်စု ဦးသျှောင် (သို့မဟုတ်) ပြည်ထောင်စု သမ္မတ ထားရှိသော စနစ်ဖြစ်သည်။

၁၇။ အထက်ပါပိုဒ်ခွဲ (၈) တွင် နှစ်ပိုင်းရှိသည်။ တပိုင်းမှာ ဝန်ကြီးချုပ်စနစ်ကိုအတိအလင်းရည်ညွှန်းထားခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင်ကျင့်သုံးလျက်ရှိသော ဝန်ကြီးချုပ်စနစ်၏အခြေခံအရ သမ္မတသည် အစိုးရအဖွဲ့တွင် ပါဝင်ခြင်းမရှိ။ တိုင်းပြည်ကို ဝန်ကြီးချုပ်ကသာ ဦးဆောင်ပြီး နေ့စဉ်ကြီးကြပ်အုပ်ချုပ်သွားရစမြဲဖြစ်သည်။ သို့ရာတွင် NLD/CRPH ၏ စာတမ်း အစိတ်အပိုင်း (၂) အခန်း (၃) ပိုဒ်ခွဲ (၇) တွင်မူ ယင်းကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ထားသည်။ သမ္မတသုံးဦးကို အစိုးရအဖွဲ့တွင် ထည့်သွင်းဖွဲ့စည်းထားသည်။ ဝန်ကြီးချုပ် လည်းမပါရှိ။ ပို၍ ထူးဆန်းသည်မှာ နိုင်ငံတော် သမ္မတအောက်၊ သမ္မတ ကလွဲပြီး အမြင့်ဆုံးနေရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟူသည်ကို ထည့်သွင်းထားပြန်သည်။ ကမ္ဘာပေါ်တွင် ဝန်ကြီးချုပ်စနစ်ကို ဖော်ဆောင်သည့် မည်သည့်နိုင်ငံတွင်မျှ မကျင့်သုံးသော ကိုးရိုးကားယား ဖွဲ့စည်းမှုကို တင်သွင်းနေခြင်းဖြစ်သည်။ ဤအတိုင်းကျင့်သုံးပါက NLD/CRPH သာမက တပြည်လုံးသိက္ခာကျမည့် သဘောဖြစ်သည်။ သမိုင်းတွင် ချန်ထားခဲ့ရမည့် ၂၀၀၈ ဖွဲ့စည်းပုံအောက်က အရိပ်မည်းကြီးအား NLD/CRPH က ပြန်သယ်လာပြန်ခြင်း ဖြစ်သည်။

၁၈။ အထက်ပါ ပုဒ်ခွဲ (၈) ၏ ဒုတိယ ဝါကျ မှာ သမ္မတ၏ လုပ်ပိုင်ခွင့်နှင့် ဆိုင်သည်။ သမ္မတ အနေဖြင့် (ဝန်ကြီးချုပ်စနစ်၏ သဘောအရ) အစိုးရအဖွဲ့တွင် ပါဝင်ခွင့်မရှိသည်ကို တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းများက လက်ခံခဲ့၊ ယခုတိုင် လက်ခံဆဲဖြစ်သည်။ သို့ရာတွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အောက်တွင် ဝန်ကြီးချုပ်များအားလုံးသည် မြန်မာများဖြစ်ပြီး တိုင်းပြည်ကိုအုပ်ချုပ်ခဲ့ကြသည်။ တိုင်းရင်းသား သမ္မတများတွင် မည်သည့် အခွင့်အာဏာမျှမရှိ။ သို့ဖြစ်၍ ဖွဲ့စည်းပုံသည် မမျှတကြောင်း၊ တိုင်းရင်းသား သမ္မတများကိုလည်း ဦးသျှောင်သမ္မတမျှသာ မဟုတ်ဘဲ တစုံတရာ အခွင့်အာဏာ အပ်နှင်းသင့်ကြောင်း၊ ပထမဆုံး အဆိုတင်သွင်းခဲ့သူမှာ ထိုစဉ်က ကရင်အမျိုးသား အစည်းအရုံး ကေအဲန်ယူ၏ အထွေထွေအတွင်းရေးမှူး ဖြစ်ခဲ့သူ ဖဒို စောဘသင်ဖြစ်သည်။ ယင်းအပေါ်တွင် အခြေခံပြီး နှစ်တချို့အချိန်ယူ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နိုင်ငံတကာပညာရှင်များပါ ပါဝင်သည့် ဆွေးနွေးပွဲများ၊ အပြန်အလှန်ငြင်းခုံထောက်ပြမှုများအား ဖြတ်သန်းပြီးနောက်ပြဋ္ဌာန်းချက်အသစ်တရပ် ထည့်သွင်းခဲ့သည်။ ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် အရေးပေါ်အခြေအနေအောက်တွင် ဖက်ဒရယ်ပြည်ထောင်စု

တပ်မတော်၏ စစ်သေနာပတိချုပ် ဖြစ်စေရမည်ဟူ၍ပင်။ အဆိုပါ ပြဌာန်းချက်ကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမမူကြမ်းတွင်သာမက ဒုတိယမူကြမ်းအထိတွင်ပါ ဆက်လက်ပါရှိလာခဲ့သည်။ ပြည်တွင်းစစ်ငြိမ်းစေရန် ၁၈ နှစ်တာကာလ ကြိုးပမ်းခဲ့သည့် ရလာဒ်ဖြစ်သည်။

၁၉။ သို့ရာတွင် ယခု NLD/CRPH သည် ယင်းကို ချိုးဖောက်လိုက်ပြီဖြစ်သည်။ ဖက်ဒရယ် ဖွဲ့စည်းပုံမူကြမ်း နှစ်ခုလုံးအရ သမ္မတကို ရွေးချယ်တင်မြှောက်ရာတွင် တိုင်းရင်းသားပြည်နယ်များမှ အလှည့်ကျရွေးချယ်တင်မြှောက်ရမည်ဟူသော အချက်ကို လက်မခံတော့။ CRPH တခုတည်းက ၎င်းတို့ ဦးဆောင်မှုကို နာခံမည့် ရုပ်ပြ တိုင်းရင်းသား သမ္မတတဦးကို ရွေးတင်လိုက်ပြီ ဖြစ်သည်။ ယင်းမှာ ယခု မန်းဝင်းခိုင်သန်း ဖြစ်သည်။ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) အပေါ်အခြေခံလျက် ဥပဒေအထောက်အကူပြုကွန်ရက်က ကြားကာလ၏ ပထမ အဆင့်တွင် ဖက်ဒရယ် ပြည်ထောင်စု သမ္မတ ရွေးချယ်ပုံစနစ်ကို ၂၀၂၁ ခုနှစ် မတ်လ ၁၇ ရက်နေ့က အောက်ပါအတိုင်း အဆိုပြုတင်သွင်းခဲ့သည်။

**ပုဒ်မ (၁၅၁) ကြားကာလ၏ ပထမ အဆင့်တွင် ဖက်ဒရယ်ပြည်ထောင်စု သမ္မတ ရွေးချယ်ပုံစနစ်**

စစ်အာဏာရှင်စနစ်နှင့် ယင်းကို တည်ဆောက်ခုခံကာကွယ်နေသော မြန်မာစစ်တပ်အား CDM လူထု လှုပ်ရှားမှုဖြင့်လည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် ဖွဲ့စည်း၍ စစ်ရေးနည်းဖြင့်လည်းကောင်း တိုက်ဖျက်ရန် ကြိုးပမ်းလျက်ရှိသည့် ကြားကာလ၏ ပထမ အဆင့်တွင် ဖက်ဒရယ်ပြည်ထောင်စုသမ္မတ အဖြစ် အောက်ပါ အရည်အချင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ရွေးချယ်တင်မြှောက်သည်။

**(က)** ဖက်ဒရယ်ပြည်ထောင်စု တဝှမ်းလုံး၌ ယခုကဲ့သို့ အရေးပေါ်အခြေအနေ ကျရောက်နေသည့် အချိန်တွင် ဖက်ဒရယ် ပြည်ထောင်စု သမ္မတသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၅**၃**) အရ စစ်သေနာပတိချုပ် တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်၍ စစ်ရေးအတွေ့အကြုံနောက်ခံရှိသူ ဖြစ်ရမည်။

**(ခ)** ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ တိုင်းရင်းသားများ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးတို့အတွက် တိုင်းရင်းသား ခုခံစစ်ဆင်အဖွဲ့အစည်းများ ပါဝင်ဖွဲ့စည်းထားသော တပ်ပေါင်းစု တရပ်ရပ်တွင် အဆင့်မြင့်တာဝန် ယူဘူးသူဖြစ်ရမည်။

(ဂ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ **(၉၈)** ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသည့် တိုင်းရင်းသား ခုခံစစ် ဆင်အဖွဲ့အစည်းများနှင့် ဖွဲ့စည်းမည့် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော် စစ်ဦးစီးအဖွဲ့၏ ထောက်ခံမှု ကို ရရှိသူဖြစ်ရမည်။

(ဃ) ဤကြားကာလဖွဲ့ ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (**၉၇**) အရ ဖွဲ့**့**စည်းသည့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အများစု (၅၀ + ၁) ၏ ထောက်ခံမှုကို ရရှိသူလည်း ဖြစ်ရမည်။

**(င)** ဖက်ဒရယ်ပြည်ထောင်စု သမ္မတအဖြစ် ပြည်နယ်တခုမှ ပုဂ္ဂိုလ်အား ရွေးချယ်တင်မြှောက်လျှင် ဒုတိယ သမ္မတအဖြစ် အခြားပြည်နယ်တခုမှ ပုဂ္ဂိုလ်အား ရွေးချယ်တင်မြှောက်စေရမည်။

၂၀။ NLD/CRPH သည် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် စာတမ်းဟူသည်ကို တင်သွင်း၍ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) နှင့် ယင်းအပေါ်အခြေခံပြီး ပြုစုထားသည့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အား လျစ်လျူရှုလိုက်ကြောင်းပြသ လိုက်ခြင်းဖြစ်သည်။ မတ်လ ၅ ရက်နေ့က CRPH နှင့် ပြုလုပ်ခဲ့သော အစည်းအဝေး တခုတွင် မွန်အမျိုးသား တိုင်းရင်းသားခေါင်းဆောင်တဦးက

FCDCC က နောက်ဆုံးတာဝန်ခံထုတ်ဝေလိုက်သော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ကိုသာ ယာယီအားဖြင့် အတည်ပြုလိုက်မည် ဆိုပါက တိုင်းရင်းသားအင်အားစုများ၏ ၉၀% က လက်ခံကြလိမ့်မည် ဖြစ်ကြောင်းအားတက်သရော အဆိုတင်သွင်းခဲ့သည်။ ဤအချိန်တွင်မှ အဆိုပါ ဒုတိယ မူကြမ်းတွင် သမ္မတသည် အရေးပေါ်ကာလ၌ စစ်သေနာပတိချုပ်တာဝန် ယူရမည်ဟူသော ပြဋ္ဌာန်းချက်ကို NLD/CRPH က သတိပြုသွားမိပုံ ရှိသည်။ အဆိုပါ ဆွေးနွေးပွဲအပြီး ရက်ပိုင်းအတွင်းမှာပင် မန်းဝင်းခိုင်သန်းအား ၎င်းတို့စိတ်ကြိုက်ရွေးချယ်ကာ သမ္မတ ခန့်ခဲ့သည်။ NLD/CRPH သည် နိုင်ငံရေးအရ ရိုးသားမှု အားနည်းပုံရှိသည်။ ဤသည်ကို ပြန်လည်သုံးသပ်ပြင်ဆင်သင့်သည်။ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကြီးအား ကျယ်ကျယ်ပြန့်ပြန့်ပါဝင်အောင် ဆင်နွှဲနေစဉ်အတွင်း ၂၀၂၀ ရွေးကောက်ပွဲရလာဒ် ဟူသည်ကို လက်ညှိုးထိုးကာ NLD/CRPH တခုတည်းက ထင်ရာလုပ်ခွင့် မရှိသင့်။

၂၁။ Civilian Supremacy ဟု ခေါ်သည့် သဘောတရားအရ အရပ်ဘက် လွှမ်းမိုးအုပ်ချုပ်မှု ကို အဓိက ဖော်ဆောင်ရပါမည်။ ယင်းကို အငြင်းမပွားပါ။ ယင်းအခြေခံတွင် တိုင်းပြည်ကို နေ့စဉ်ကြီးကြပ်အုပ်ချုပ်မည့် ဝန်ကြီးချုပ်သည် ၂၀၂၀ ရွေးကောက်ပွဲအပေါ်အခြေပြု၍ ရွေးချယ်တင်မြှောက်ခြင်းခံရသူက တာဝန်ယူသင့်သည်။ အလားတူပင် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်၏ စစ်ဦးစီးအဖွဲ့ကို နေ့စဉ် ကြီးကြပ်မည့် ကာကွယ်ရေးဝန်ကြီးသည်လည်း ၂၀၂၀ ရွေးကောက်ပွဲအပေါ်အခြေပြု၍ ရွေးချယ်တင်မြှောက်ခြင်းခံရသူ ဖြစ်သင့်ပါသည်။ သို့ရာတွင် စစ်အာဏာရှင်စနစ်နှင့် စစ်ကောင်စီအား စစ်ရေးအရတိုက်ပွဲဝင်ရာ၌ ပြည်ထောင်စု တပ်မ်းလုံးခြုံပြီးကြီးကြပ်ရမည့် စစ်သေနာပတိချုပ်သည် စစ်ရေးအတွေ့အကြုံရှိသည့်တိုင်းရင်းသားပြည်နယ် နောက်ခံမှ ခေါင်းဆောင်ကြီးတဦးသည် သမ္မတ နေရာတွင် တာဝန်ယူရန် လိုအပ်သည်။ မန်းဝင်းခိုင်သန်း သည် ကရင်အမျိုးသားတဦးဖြစ်ပြီး နိုင်ငံရေးနှင့် ဥပဒေအရည်အသွေး တစုံတရာ ရှိနိုင်သည်။ သို့ရာတွင် ကေအဲန်ယူနှင့် အတူဖြတ်သန်းခဲ့သည့် ကရင်အမျိုးသားလက်နက်ကိုင် တော်လှန်ရေး အတွေ့အကြုံရှိသူ မဟုတ်။ တော်လှန်စစ်၏ သဘာဝကို နားမလည်၊ စစ်သေနာပတိချုပ်တာဝန်ကို ယူနိုင်မည် မဟုတ်။ NLD/CRPH သည် မန်းဝင်းခိုင်သန်းကို ရုပ်ပြထားပြီး စစ်သေနာပတိချုပ်တာဝန်ကို ၎င်းတို့ကိုယ်တိုင်ယူရန် ကြိုးစားနေပုံရှိသည်။

ဤသည်မှာ မဖြစ်သင့်။ ဖွဲ့စည်းပုံအခြေခံဥပဒေရှုထောင့်အရ မသင့်တော်။ နေရာတကာ မြန်မာ အများစုကြီးက လိုက်ပြီးချုပ်ကိုင် ချယ်လှယ်ရာ ရောက်နေသည်။ ထို့အပြင် ယခု CRPH အဖွဲ့ဝင် ၁၇ ဦး အနက် မည်သူမျှစစ်ရေးအတွေ့အကြုံရှိကြောင်းလည်း မကြားသိရ။ ဤ ပုံစံအတိုင်းဆက်လက်ပြီး ကိုးရိုးကားယားများ လုပ်ဆောင်နေမည် ဆိုပါက အင်အားတောင့်တင်းသော တိုင်းရင်းသားခုခံစစ်ဆင် အဖွဲ့အစည်းကြီးများသည် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော် ဟူသည်တွင် နည်းလမ်းတကျ ပါဝင်နိုင်ရန် မလွယ်။ မတ်လ (၃၀) ရက်နေ့တွင် တအာင်း၊ ရခိုင် နှင့် ကိုးကန့် ညီနောင်သုံးဖွဲ့တို့က မြန်မာ့တပ်မတော် သည် အကြမ်းဘက်မှုများ ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက မြန်မာ့ နွေဦးတော်လှန်ရေးကို ဆင်နွှဲနေ ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံ ဘဂတူ ညီနောင်များနှင့် အတူ မိမိကိုယ်ကို ခုခံကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းကောင်း ကြေငြာချက် ထွက်ပေါ်လာခဲ့သည်။ သို့ရာတွင်ယင်းမှာ NLD/CRPH က ထုတ်ပြန်လိုက်သော ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်စာတမ်းနှင့် မည်သို့မျှဆက်စပ်မှုရှိပုံမရ။ ၎င်းတို့ဖာသာ စစ်အာဏာရှင်များ၏ မတရားကျူးလွန်နေမှုများအား ၎င်းတို့ အသိစိတ်ဓါတ်နှင့် ၎င်းတို့ တိုက်ပွဲဝင်ရန် ပိုင်းဖြတ်လုပ်ဆောင်လာကြပုံရှိသည်။

## နိဂုံးချုပ် သုံးသပ်တင်ပြချက်

CRPH ယခု လုပ်ဆောင်လျောက်လှမ်းနေပုံသည် ဗင်နီဇွဲလားနိုင်ငံတွင် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲအပြီး အနိုင်ရရှိသည်ဟုကြွေးကြော်ကာ လွှတ်တော် နောက်ခံဖြင့် သမ္မတအဖြစ်ကြေငြာပြီး အာဏာရရှိအောင် ကြိုးပမ်းခဲ့သည့် ဂွါက်ဒိုး နှင့်အတော်ပင် တူနေသည်။ ဟုမ်းကနဲ အရှိန်အဟုန်တက်ခဲ့ပြီး လပေါင်းတချို့ မျှ အတွင်းတွင် အမေရိကန် ပြည်ထောင်စု အပါအဝင် နိုင်ငံပေါင်း ၆ဝ ခန့် ၏ အသိအမှတ်ပြုမှုကို ရရှိခဲ့သည်။ သို့ရာတွင် လက်တွေ့မြေပြင်တွင် တိုင်းပြည်ယန္တရားများ (State Organs) နှင့် တိုင်းပြည်အဆောက်အအုံများ (State Institutions) တို့အား လက်တွေ့မဖော်ဆောင်နိုင်၊ မြေပြင်ကို မထိန်းချုပ်နိုင်သောအခါ ယနေ့အချိန်တွင် ၎င်းအား မည်သည့် ဥရောပနိုင်ငံများကမျှ အသိအမှတ်မပြုကြတော့။

NLD/CRPH ၏ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်သည် ၁၉၉၃ ခုနှစ်တွင် နဝတ က ချမှတ်ပေးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံမူ ၁ဝ၄ ချက်သဘောမျှသာဆောင်သည်။ မည်သည့်စည်းနှောင်အားမျှ မရှိ။ သို့ရာတွင် နဝတ က ယင်း အခြေခံမူ ၁ဝ၄ ချက်အပေါ်အခြေခံကာ ၂ဝဝ၈ ဖွဲ့စည်းပုံကို မွေးဖွားပေးလိုက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၏စွမ်းအားကို ထိရောက်စွာ အသုံးချခဲ့သည်။ သို့ဖြစ်၍ စစ်အာဏာရှင်စနစ်တည်မြဲရေးအတွက် အကောင်းဆုံး အုတ်မြစ်ကြီးဖြစ်သွားရုံမက တိုင်းပြည်ကို တရားဝင်အုပ်စိုးမှုပါ ရရှိသွားခဲ့သည်။

NLD/CRPH သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စွမ်းအားကို စိုးစဉ်းမျှ နားလည်ပုံမရှိ။ ၁၈ နှစ်ကြာမျှ ပြုစုထားခဲ့သော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) အား အမြန်ဆုံး ယာယီ အသိအမှတ်ပြုရန် လိုအပ်လာပြီဖြစ်သည်။ ထို့နောက် ယင်းအပေါ်အခြေခံရေးဆွဲထားသည့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ရပ်အား တရားဝင် အတည်ပြုကြောင်း ကြေငြာလိုက် လျှင်ပင် ကမ္ဘာတဝှမ်းရှိ နိုင်ငံများသည် မျက်စိဖွင့်ကြည့်ကြပါတော့မည်။ ယင်း ဖွဲ့စည်းပုံနှစ်ခုအပေါ်အခြေပြု၍ တိုင်းပြည်ယန္တရားနှင့် တိုင်းပြည်အဆောက်အအုံများအား ပြည်ထောင်စု၏ အဆင့်သုံးဆင့်လုံးတွင် စနစ်တကျ ဆက်တိုက် တည်ဆောက်သွားမည် ဆိုပါက ပြည်တွင်းနှင့် နိုင်ငံတကာရှိသက်ဆိုင်ရာ တိုင်းရင်းသားအင်အားစုများက ဝန်းရံလက်တွဲထားသော တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းကြီးများသည် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ဖွဲ့စည်းရာတွင် တရားဝင်ပါလာနိုင်ခြေရှိသည်။ CDM လှုပ်ရှားမှုကြီးတွင် အသေခံတိုက်နေကြသော လူထုကြီးတရပ်လုံးသည် များစွာ နှစ်ထောင်းအားရဖြစ်ကြမည်၊ ဆထက်ထမ်းပိုးတိုး၍ တိုက်ပွဲဝင်ကြမည်မှာ သေချာလှသည်။ စစ်အာဏာရှင်စနစ်ကို အပြီးတိုင် တိုက်ဖျက်နိုင်ရေးအတွက်လည်း တကယ်တမ်း စုပေါင်းခေါင်းဆောင်မှုကို ဖော်ဆောင်နိုင်မည့် အင်အားစုကြီးတရပ် ဖြစ်လာမည်။ နိုင်ငံတကာ၏ တရားဝင် အသိအမှတ်ပြုမှု (Legitimacy) ကိုလည်း ရမည် မုချဖြစ်သည်။

**ဥပဒေအထောက်အကူပြုကွန်ရက်** **မတ်လ (၃၁) ရက် ၂ဝ၂၁ ခုနှစ်။**

**အသေးစိတ်သိရှိလိုလျှင် ဆက်သွယ်ရန်**

Mr. Aung Htoo, M.A (Human Rights) R.L., Human Rights Lawyer
Program on Teaching Human Rights Law, Columbia University, New York, USA.
Founder of Legal Aid Network (LAN) and Principal of Federal Law Academy
E.mail: legalaidnetwork@gmail.com
Website: legalaidnetwork.org
Tel: (46) 76 1156 215

Mr. Adalgiso Montinari: M.A Conflict Studies and Human Rights, University of Utrecht, The Netherlands.
Senior Researcher & Program Facilitator - Legal Aid Network (LAN)
E.mail: legalaidnetwork@gmail.com

Mr. Kyaw Kyaw, B.Sc (Geology)
Strategy & Policy Consultant
Legal Aid Network (LAN)
E.mail: kyawkyaw@legalaidnetwork.org

Ms. Lu Awng (LL.B, B.A Com Arts)
Advocacy Coordinator, Legislative Assemblies
Legal Aid Network (LAN)
Email: lu.awng@legalaidnetwork.org

Ms. Ja Nu Pan (LL.B, LL.M, Ph.D)
Advocacy Coordinator for Legal and Constitutional Campaign
Legal Aid Network (LAN)
E.mail: janupan@legalaidnetwork.org

Mr. Lahpai Naw San (LL.B, D.L)
Advocacy Coordinator to Ethnic Resistance Organizations
Legal Aid Network (LAN)
E.mail: lahpai.nawsan@legalaidnetwork.org

Ms. Roi San Awng (LL.B, DBL, DML)
Advocacy Coordinator to National Legal Communities
Legal Aid Network (LAN)
E.mail: roisanawng@legalaidnetwork.org